## (၄၉) ကြိမ်မြောက် အသက် (၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ကျင်းပမည့် အချိန်ကြေငြာခြင်း

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်ကျင်းပ မည့် ၂၀၂၀ ပြည့်နှစ်(၄၉) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ ဖြေဆိုရမည့် ပြိုင်ပွဲခေါင်းစဉ် နှင့် ဖြေဆိုရမည့်အချိန်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေငြာအပ်ပါသည် -

ပြိုင်ပွဲခေါင်းစဉ် - "**Write a message to an adult about the world we live in**"
(လူကြီးတစ်ဦးထံသို့ ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာမြေကြီးအကြောင်း သတင်းစကားဖော်ပြသည့် ပေးစာတစ်စောင်ရေးသားရန်)

ပြိုင်ပွဲအမျိုးအစား - အင်္ဂလိပ်ဘာသာဖြင့် ပေးစာပုံစံရေးသားရမည်ဖြစ်ပြီး စာလုံးရေကန့်သတ်ချက် (၁,၀၀၀)ဖြစ်ပါသည်။

ပြိုင်ပွဲအရည်အချင်း သတ်မှတ်ချက် - ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ(၉)နေ့တွင် အသက်(၁၅) နှစ်ထက်မကျော်လွန်သည့် အခြေခံပညာကျောင်းများမှ ကျောင်းသား/သူများ၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း/ ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းများမှ ကျောင်းသား/သူများအပြင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား/သူများ အပါအဝင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ကိုက်ညီသည့် မည်သူမဆို စာမေးပွဲစည်းကမ်းများနှင့်အညီ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

ပြိုင်ပွဲကျင်းပမည့်နေ့ရက် - ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့

ပြိုင်ပွဲကျင်းပမည့်အချိန် - နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီထိ

ပြိုင်ပွဲကျင်းပမည့်နေရာ - သက်ဆိုင်ရာမြို့နယ်ပညာရေးရုံးများမှ စီစဉ်ထားသည့် စာဖြေခန်းများ (မြို့နယ်အဆင့်အားလုံး)

အထက်ဖော်ပြပါ အချက်အလက်များအပြင် ပြိုင်ပွဲနှင့်ပတ်သတ်၍ အခြားသိရှိလိုသည့် အချက်အလက်များရှိပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၀၆၇ - ၄၀၇၂၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန